

# Environment Management Plan (EMP) Report for Zawtika Offshore Development Project

PTTEP International Limited

**PTT Exploration and Production International (PTTEPI)**

## Final Report

November 2022

www.erm.com

*The business of sustainability*

ERM

FINAL REPORT

PTT Exploration and Production International (PTTEPI)

# Environment Management Plan (EMP) Report for Zawtika Offshore Development Project

November 2022

Project 0352810

Prepared by: ERM-Siam Co Ltd

For and on behalf of
ERM-Siam Co Ltd

Approved by: Kamonthip Ma-oon

Signed: 

Position: Partner

Date: November 2022

This report has been prepared by ERM-Siam Co Ltd with all reasonable skill, care and diligence within the terms of the Contract with the client, incorporating our General Terms and Conditions of Business and taking account of the resources devoted to it by agreement with the client.

We disclaim any responsibility to the client and others in respect of any matters outside the scope of the above.

This report is confidential to the client and we accept no responsibility of whatsoever nature to third parties to whom this report, or any part thereof, is made known. Any such party relies on the report at their own risk.

*TABLE OF CONTENTS*


**၁ အကျဉ်းချုပ် အစီရင်ခံစာ 1**

**၁.၁ နိဒါန်း 1**

**၁.၂ စီမံကိန်းအဆိုပြုသူအကြောင်းအကျဉ်းဖော်ပြချက် 1**

**၁.၃ စီမံကိန်းအကြောင်းအရာ ဖော်ပြချက် 2**

**၁.၄ မူဝါဒ၊ ဥပဒေ နှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင် 5**

**၁.၅ အနီးပတ်ဝန်းကျင် အကြောင်းအရာဖော်ပြချက် 5**

၁.၅.၁ ရူပရုပ်သွင်ပတ်ဝန်းကျင် 5

၁.၅.၂ ဇီဝပတ်ဝန်းကျင် 6

၁.၅.၃ လူမှုစီးပွား ပတ်ဝန်းကျင် 7

**၁.၆ ဖြစ်ပေါ်လာနိုင်သည့် အဓိကအရေးကြီးသော ထိခိုက်မှုများ နှင့် လျှော့ချရေး အစီအမံများကို ဖော်ပြချက် 8**

**၁.၇ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အစီအမံများ 15**

**၁.၈ အစီအမံခွဲများ 23**

**၁.၉ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း နှင့် ထုတ်ဖော်တင်ပြခြင်း 23**

၁.၉.၁ စီမံကိန်းထုတ်ဖော်တင်ပြချက် 24

၁.၉.၂ လူမှုအကျိုးပြုလုပ်ငန်းများ CSR အစီအစဉ် 24

**၁.၁၀ လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းအကောင်အထည်ဖော်သည့် အချိန်ဇယား 25**

1 EXECUTIVE SUMMARY 1-27
1.1 Introduction 1-27
1.2 Summary of Project Proponent 1-27
1.3 Description of Project 1-28
1.4 Policy, Legal and Institutional Framework 1-29
1.5 Description of Surrounding Environment 1-30
1.5.1 Physical environment 1-30
1.5.2 Biological environment 1-30
1.5.3 Socio-economic environment 1-31
1.6 Highlights of Key Impacts and Mitigation Measures 1-32
1.7 Monitoring Measures 1-37
1.8 Sub Plan 1-42
1.9 Public Consultation and Disclosure 1-42
1.9.1 Project Disclosure 1-43
1.9.2 Corporate Social Responsibility (CSR) Program 1-43
1.10 Work Plan and Implementation Schedule 1-44
2 INTRODUCTION 2-45
2.1 Presentation of the Project Proponent/Project developer 2-45
2.2 Presentation of Environmental, Social and Health Experts 2-48
3 DESCRIPTION OF THE PROJECT 3-52
3.1 Project Overview and Background 3-52
3.2 Zawtika Production Development 3-54
3.2.1 Phase 1A 3-54
3.2.2 Phase 1B 3-56
3.3 Zawtika Offshore Facilities 3-58
3.3.1 Zawtika Processing and Living Quarter Platform (ZPQ) 3-58
3.3.2 Zawtika Wellhead Platforms (WP) 3-60
3.3.3 Zawtika Offshore Gas Transportation System 3-61
3.4 ZPQ Processing System 3-63
3.5 Production Drilling or Infill Well Drilling 3-67
3.5.1 Drilling Rig 3-67
3.5.2 Rig Mobilization 3-67
3.5.3 Well and Casing Design 3-67
3.5.4 Drilling Fluids and Drilled Cuttings 3-67
3.6 Emissions and Effluent Management 3-72
3.6.1 Air Emissions (Flaring) 3-72

3.6.2 Noise Emissions 3-73
3.6.3 Waste and Wastewater 3-73
**3.7 Utilities 3-81**
3.7.1 Power and Energy Use 3-81
3.7.2 Water Use 3-81
**3.8 Emergency Shutdown System 3-82**
**3.9 Decommissioning 3-82**
**4 POLICY, LEGAL AND INSTITUTIONAL FRAMEWORK 4-83**
**4.1 Project's Environmental, Social and Health Policies 4-83**
4.1.1 PTTEPI's SSHE Policy 4-83
4.1.2 PTTEPI'S Environmental, Social and Health Management System 4-86
**4.2 Policy and Legal Framework 4-88**
4.2.1 Overview of Myanmar Legislation 4-88
4.2.2 International Conventions 4-124
**4.3 Statement of Commitments 4-124**
**5 GOVERNING PARAMETERS 5-127**
**5.1 Industry-Specific Requirements for Offshore Oil and Gas Development 5-128**
**6 DESCRIPTION OF SURROUNDING ENVIRONMENT 6-130**
**6.1 Physical Components 6-130**
6.1.1 Climate and Meteorology 6-130
6.1.2 Oceanography 6-134
6.1.3 Geology 6-138
6.1.4 Seawater Quality 6-141
6.1.5 Sediments 6-144
**6.2 Biological Components 6-146**
6.2.1 Plankton and Zooplanktonic Communities 6-146
6.2.2 Benthos 6-149
6.2.3 Marine Fishes 6-150
6.2.4 Sharks 6-153
6.2.5 Marine Mammals 6-154
6.2.6 Sea Turtles 6-156
6.2.7 Seabirds 6-159
6.2.8 Sensitive Ecosystems 6-161
**6.3 Socio-Economic Components 6-163**
6.3.1 Demographic Profile 6-163
6.3.2 Overview of Social Economy 6-165

6.3.3 Marine Fisheries 6-166
6.3.4 Ports and Marine Transportation 6-168
6.3.5 Regional Oil and Gas Exploration 6-168
6.3.6 Tourism 6-169
**7 SUMMARY OF IMPACTS 7-170**
**7.1 EMP Organizational framework 7-172**
**7.2 Budget for EMP 7-174**
**8 DESCRIPTION OF PROPOSED MITIGATION MEASURES 8-175**
**9 MONITORING PROGRAM 9-190**
**10 REPORTING REQUIREMENTS 10-195**
**10.1 Reporting Requirements to Myanmar Authorities 10-195**
**10.2 PTTEPI's Internal Monitoring and Inspection 10-198**
10.2.1 Internal Monitoring and Inspection 10-198
10.2.2 Incident, Accident and Emergency Reporting 10-198
10.2.3 Performance Indicators 10-198
10.2.4 Training Programs 10-198
**11 PROJECT SUB PLAN 11-199**
**11.1 Emergency Management Plan and Crisis Management Plan 11-199**
11.1.1 Objectives 11-199
11.1.2 Legal Requirements 11-199
11.1.3 Implementation Schedule 11-200
11.1.4 Management Actions 11-200
11.1.5 Monitoring Plans 11-202
11.1.6 Projected Budget and Responsibilities 11-203
**11.2 Asset Crisis Management Plan 11-203**
11.2.1 Objectives 11-203
11.2.2 Legal Requirements 11-203
11.2.3 Implementation Schedule 11-203
11.2.4 Management Actions 11-204
11.2.5 Monitoring Plans 11-204
11.2.6 Projected Budget and Responsibilities 11-204
**11.3 Spill Contingency Plan 11-205**
11.3.1 Objectives 11-205
11.3.2 Legal Requirements 11-205
11.3.3 Implementation Schedule 11-205
11.3.4 Management Actions 11-205

11.3.5 Monitoring Plans 11-207
11.3.6 Projected Budget and Responsibilities 11-208
**11.4 Blowout Contingency Plan 11-208**
11.4.1 Objectives 11-208
11.4.2 Legal Requirements 11-209
11.4.3 Implementation Schedule 11-209
11.4.4 Management Actions 11-209
11.4.5 Monitoring Plans 11-209
11.4.6 Projected Budget and Responsibilities 11-209
**11.5 Tropical Storm Response Plan 11-209**
11.5.1 Objectives 11-210
11.5.2 Legal Requirements 11-210
11.5.3 Implementation Schedule 11-210
11.5.4 Management Actions 11-210
11.5.5 Monitoring Plans 11-212
11.5.6 Projected Budget and Responsibilities 11-212
**11.6 Waste and Wastewater Management Plan / Procedure 11-213**
11.6.1 Objectives 11-213
11.6.2 Legal Requirements 11-213
11.6.3 Implementation Schedule 11-214
11.6.4 Management Actions 11-214
11.6.5 Monitoring Plans 11-216
11.6.6 Projected Budget and Responsibilities 11-217
**11.7 Occupational Health Management Plan / Standard 11-217**
11.7.1 Objectives 11-217
11.7.2 Legal Requirements 11-218
11.7.3 Implementation Schedule 11-218
11.7.4 Management Actions 11-219
11.7.5 Monitoring Plans 11-220
11.7.6 Projected Budget and Responsibilities 11-220
**11.8 Community Safety, Security, Health and Environment Management Plan 11-221**
11.8.1 Objectives 11-221
11.8.2 Legal Requirements 11-221
11.8.3 Implementation Schedule 11-221
11.8.4 Management Actions 11-222

11.8.5 Monitoring Plans 11-223

11.8.6 Projected Budget and Responsibilities 11-223

**11.9 Maintenance Plan 11-223**

**12 CAPACITY DEVELOPMENT AND TRAINING 12-225**

**13 PUBLIC CONSULTATION AND INFORMATION DISCLOSURE 13-226**

**13.1 Summary of Previous Public Consultation Conducted During ESHIA 13-226**

13.1.1 Purpose of the Public Consultation 13-226

13.1.2 Methodology and Approach 13-226

13.1.3 Summary of Consultation Activities Carried Out 13-229

13.1.4 Summary of the Results from Public Consultation 13-231

**13.2 Ongoing and Future Consultation 13-232**

13.2.1 Project Information Disclosure 13-233

13.2.2 Grievance Procedure 13-233

13.2.3 Corporate Social Responsibility (CSR) Activities 13-234

**14 WORK PLAN AND IMPLEMENTATION SCHEDULE 14-236**

**14.1 Schedule 14-236**

**14.2 Costs for Implementation 14-236**

*LIST OF ANNEX*

Annex A PTTEPI's SSHE Management System

Annex A-1 SSHE Policy

Annex A-2 Myanmar Asset SSHE Management System

Annex B ZPQ Sewage Treatment Unit Information

Annex C Golden DOWA Eco-system Myanmar Co., LTD. (GEM) Information

Annex D A letter of correspondence between MOGE and PSC companies operating in Myanmar

Annex E CSR program for the Zawtika Project

Annex F MOGE's Guidelines for Implementation of CSR Programs

## LIST OF FIGURES


Figure 2.1 PTTEPI's Vision, Mission, Corporate Values and Sustainable Development Policy 2-46

Figure 3.1 Overview of Zawtika Offshore Facilities 3-53

Figure 3.2 Zawtika Phase 1A 3-55

Figure 3.3 Zawtika Phase 1B 3-57

Figure 3.4 Zawtika Processing and Living Quarter Platform (ZPQ) 3-59

Figure 3.5 Zawtika Wellhead Platforms (WP) 3-61

Figure 3.6 Generic Layout of ZPQ 3-64

Figure 3.7 Generic Layout of WP1 3-65

Figure 3.8 Simplified Diagram of ZPQ Processing System 3-66

***Figure 3.9 Example of Tender Assisted Rigs*** 3-67

Figure 3.10 Drilling Mud and Cuttings Management for Bottom Hole Intervals 3-69

Figure 3.11 Sewage Treatment System Diagram 3-74

Figure 3.12 Produced Water Treatment System and Produced Sand Management 3-75

Figure 3.13 DOWA Waste Management Flow Diagram 3-80

Figure 4.1 PTTEPI's 2022 SSHE Policy (English Version) 4-84

Figure 4.2 PTTEPI's 2022 SSHE Policy (Myanmar Version) 4-85

Figure 4.3 Myanmar States/Regions and Townships 4-90

Figure 4.4 Protected Areas in Myanmar and Project Location 4-92

Figure 6.1 Historical Cyclone Track within 200 km of Block M9 (2017) 6-132

Figure 6.2 Ocean current direction in the Bay of Bengal (13 year average: 2003-2015) 6-135

Figure 6.3 Surface Circulation Pattern in the Bay of Bengal and Andaman Sea during (a) February and (b) during April at 10m 6-136

Figure 6.4 Bathymetry Surrounding Blocks M9 and M11 6-137

Figure 6.5 Map of Earthquakes with Shallow-Focus Epicentre for Period 1965-2005 6-139

Figure 6.6 Neotectonic Map of Myanmar 6-140

Figure 6.7 2016 Block M9 Marine Environmental Monitoring (MEM) Sampling Locations at Stations Surrounding ZPQ 6-142

Figure 6.8 2016 Block M9 Sediment and Benthos Sampling Locations at Stations Surrounding ZPQ 6-145

Figure 6.9 Fish Types in Myanmar Waters 6-151

Figure 6.10 Turtle Nesting Sites in Myanmar 6-158

Figure 6.11 Coral Reef in Myanmar 6-162

Figure 6.12 Myanmar Coastal Zone and Designation of Fishing Grounds in Myanmar Sea 6-167

Figure 7.1 PTTEPI's EMP Organizational Frameowork 7-173

***Figure 11.1 Myanmar Emergency Management Team Organization*** 11-201

***Figure 11.2 Notification and Communication Flowchart*** 11-202

Figure 11.3 CMT Organization 11-204

Figure 11.4 Spill Alert Procedures and Actions 11-207

Figure 13.1 Grievance Handling Process 13-234

**LIST OF TABLES**


| | | |
|---|---|---|
| Table 1.1 | Contact Details of PTTEPI | 1-28 |
| Table 1.2 | Amount of non-hazardous and hazardous waste produced monthly of ZPQ, from the months January to December in 2019. | 1-29 |
| Table 1.3 | Highlights of Key Potential Impacts and Mitigation Measures | 1-33 |
| Table 1.4 | Monitoring Measures for the Project during Production Operations Phases | 1-38 |
| Table 2.1 | Offshore Zawtika Key Persons for the EMP Study | 2-47 |
| Table 2.2 | Environmental, Social and Health Specialists for the Offshore Zawtika EMP | 2-48 |
| Table 3.1 | Location and well information of Phase 1A | 3-54 |
| Table 3.2 | Location and well information of Phase 1B | 3-56 |
| Table 3.3 | Hole Interval, and Volume of Cuttings and Fluid | 3-68 |
| Table 3.4 | Mud and Cuttings Management for Each Well Interval | 3-70 |
| Table 3.5 | Project GHG Emission from Flaring (mmscf) in 2019 | 3-73 |
| Table 3.6 | Management of Waste and Wastewater for Offshore Operation | 3-76 |
| Table 3.7 | Waste Generation Records for ZPQ Offshore Operation in January – December 2019 | 3-78 |
| Table 3.8 | Monthly Estimated Produced Water and Sewage Discharge ($m^3$) in 2019 | 3-79 |
| Table 4.1 | PTTEPI SSHE Management System Standards | 4-87 |
| Table 4.2 | Administrative Regions of Myanmar | 4-89 |
| Table 4.3 | Myanmar Legislation and Relevance to Project | 4-96 |
| Table 4.4 | Project-Relevant International Conventions Ratified by Myanmar | 4-125 |
| Table 5.1 | Effluent and Emission Standards for Offshore Oil and Gas Development | 5-128 |
| Table 6.1 | Monthly Average Rainfall Data for Coco Island | 6-132 |
| Table 6.2 | Extreme Wind Parameters for Block M9 (10 m above Water) | 6-133 |
| Table 6.3 | Summary of Seawater Quality Results for 2016 Block M9 MEM and 2009 Block M9 Baseline Survey | 6-143 |
| Table 6.4 | Summary of Sediment Quality Results from the 2016 Block M9 MEM and 2009 Baseline Survey | 6-146 |
| Table 6.5 | Summary of Number of Phytoplankton Species and Density from 2016 Block M9 MEM and 2009 Block M9 Baseline Survey | 6-148 |
| Table 6.6 | Summary of Number of Benthos Species and Density from 2016 Block M9 MEM and 2009 Block M9 Baseline Survey | 6-150 |
| Table 6.7 | Species-Wise Catch of Big Pelagic Fish | 6-152 |
| Table 6.8 | IUCN Red List - Shark Species found in Myanmar Waters | 6-153 |
| Table 6.9 | Marine Mammals found in Myanmar | 6-154 |
| Table 6.10 | Distribution of Marine Turtles in Andaman Sea | 6-157 |
| Table 6.11 | Seabird Species in Myanmar | 6-160 |
| Table 6.12 | Broad Demographic Overview of Tanintharyi Region, Ayeyarwady Region, and Mon State | 6-164 |
| Table 7.1 | Summary of Potential Impacts | 7-170 |
| Table 7.2 | Summary of Potential Impacts from Unplanned Events | 7-172 |
| Table 8.1 | Mitigation Measures for Project | 8-176 |
| Table 8.2 | Mitigation Measures Proposed for Project for Unplanned Events | 8-185 |
| Table 9.1 | Monitoring Measures for the Project during Production Operations Phases | 9-191 |
| Table 10.1 | Reporting Requirements to Myanmar Authorities | 10-196 |
| Table 11.1 | Environmental Monitoring Recording | 11-203 |
| Table 11.2 | Spill Monitoring Recording | 11-208 |

| | | |
|---|---|---|
| Table 11.3 | Weather Forecast and TC Monitoring | 11-212 |
| Table 11.4 | Monitoring Detail of Waste Management Plan | 11-217 |
| Table 11.5 | Monitoring Detail of Occupational Health Management Plan | 11-220 |
| Table 11.6 | Monitoring Detail of Occupational Health Management Plan | 11-223 |
| Table 11.7 | Corrosion Management Activities | 11-224 |
| Table 11.8 | Inspection Activities | 11-224 |
| Table 13.1 | Number of Samples Collected from Each Community | 13-227 |
| Table 13.2 | Details of Stakeholder Engagement and Public Consultation Activities | 13-230 |
| Table 13.3 | The Findings from the Meeting | 13-231 |
| Table 13.4 | Summary of the Findings from the Consultation with the Department of Fisheries, Myanmar and Fishing Company | 13-232 |

## Acronyms and Abbreviations

| | |
|---|---|
| BCP | Blowout Contingency Plan |
| BOD | Biological Oxygen Demand |
| BPD | Barrel Per Day |
| CCTV | Closed circuit television |
| CSR | Corporate Social Responsibility |
| ECD | Environmental Conservation Department |
| EQEG | Myanmar's National Environmental Quality (Emission) Guidelines |
| EHS | Environmental Health and Safety Guidelines |
| EIA | Environmental Impact Assessment |
| E&P | Exploration and Production |
| EMP | Environmental Management Plan |
| EMT | Emergency Management Team |
| ERT | Emergency Response Team |
| GEM | Golden Dowa Eco-System Myanmar Co., Ltd. |
| GHG | Greenhouse gas |
| HC | Hydrocarbon |
| HP flare | High Pressure flare |
| IFC | International Finance Corporation |
| IUCN | The International Union for the Conservation of Nature |
| LP flare | Low Pressure flare |
| MARPOL | Maritime Policy |
| MOGE | Myanma Oil and Gas Enterprise |
| MONREC | Ministry of Natural Resources and Environmental Conservation |
| MMscfd | Million standard cubic feet per day |
| NADF | Non-Aqueous Phase Drilling Fluid |
| NOAA | National Oceanic and Atmospheric Administration |
| NORM | Naturally Occurring Radioactive Materials |
| OOC | Oil concentration on drilled cutting |
| OSHA | Occupational Safety and Health Administration |
| OSRL | Oil Spill Response Limited |
| PTTEPI | PTT Exploration and Production International Company Limited |
| ROW | Right of way |
| SSHE | Safety, Security, Health, and Environment |
| SSHE MS | Safety, Security, Health, and Environment Management System |
| TKA supply base | Thaketa supply base |
| WBM | Water Based Mud |
| WP | Wellhead Platform |
| YCDC | Yangon City Development Committee |
| ZMS | Zawtika Metering Station |
| ZOC | Zawtika Operating Center |
| ZPQ | Zawtika Processing and Quarter Platform |

# ၁ *အကျဉ်းချုပ် အစီရင်ခံစာ*

## ၁.၁ *နိဒါန်း*

ဇောတိက ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ရေး စီမံကိန်း ("စီမံကိန်း") သည် PTT အပြည်ပြည်ဆိုင်ရာ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးနှင့် ထုတ်လုပ်ရေး လီမိတက်(PTTEPI) က လက်ရှိတာဝန်ယူ လုပ်ကိုင် ဆောင်ရွက်နေသော စီမံကိန်းတစ်ခုဖြစ်ပါသည်။ ၎င်းတွင် ZPQ (ဝန်ထမ်းအဆောင်များနှင့် ပေါင်းစပ် ဖွဲ့စည်းထားသော ထုတ်လုပ်ရေးစင်)၊ တံတားဖြင့် သွယ်တန်းဆက်သွယ်ထားသော အဓိကတူးဖော် ရေးစင် WP1၊ WP2 မှ WP7 အထိ အစွယ်အပွား တူးဖော်ရေးစင်နှစ်စင်၊ ၎င်းနှင့် ဆက်စပ်ပိုက်လိုင်းများနှင့် ၂၃၀ ကီလိုမီတာ အရှည်ရှိသောကမ်းလွန် သဘာဝဓါတ်ငွေ့ပို့ဆောင်ရေး ပိုက်လိုင်းများ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ပြဋ္ဌာန်းထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ PTTEPI သည် ၎င်း၏လက်ရှိ လည်ပတ်နေသော လုပ်ငန်းများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်း၏ လက်ရှိ ဆောင်ရွက်နေသော ဇောတိကကမ်းလွန် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေး စီမံကိန်း အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) (ယခင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF)/ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန (ECD) သို့ တင်သွင်းရမည် ဖြစ်သည်။ စီမံကိန်းအသေးစိတ် အချက်အလက်များကို ***အခန်း(၃)*** တွင် ဖော်ပြထားသည်။

## ၁.၂ *စီမံကိန်းအဆိုပြုသူအကြောင်းအကျဉ်းဖော်ပြချက်*

PTT အပြည်ပြည်ဆိုင်ရာရေနံ နှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေး နှင့် ထုတ်လုပ်ရေး လီမိတက် (PTTEP) ၏ ကုမ္ပဏီခွဲဖြစ်သည့် PTTEPI သည် မြန်မာနိုင်ငံ၌ ရေနံရှာဖွေရေး နှင့် ထုတ်လုပ်ရေး လုပ်ငန်းများ အပြင် ၎င်းနှင့်ဆက်နွယ်သော စီးပွားရေးလုပ်ငန်းကို ဆောင်ရွက် ရန် အတွက် လုပ်ငန်းဆောင်ရွက်သူ အော်ပရေတာ ဖြစ်ပါသည်။

PTTEP ၏ မစ်ရှင်မှာ ယှဉ်ပြိုင်နိုင်သောစွမ်းဆောင်မှု၊ အဆင့်မြင့်သော နည်းပညာ နှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် မောင်းနှင်သည့် ဦးဆောင် အာဆီယံ E&P ကုမ္ပဏီ ဖြစ်လာစေ ရန် ခိုင်မာသောရည်မှန်းချက်ဖြင့် ပါဝင်သက်ဆိုင်သူများအားလုံးထံသို့ ယုံကြည်စိတ်ချရသော စွမ်းအင် ပေးသွင်းမှု နှင့် ရေရှည်တည်တံ့သော တန်ဖိုးတို့ကို ပေးစွမ်းရေးအတွက် တစ်ကမ္ဘာလုံးတွင် လည်ပတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

PTTEP မြန်မာ ကုမ္ပဏီ၏ SSHE မူဝါဒတွင်၊ PTTEP မြန်မာကုမ္ပဏီသည် (၁) ထိခိုက်နာ ကျင်မှု သုည၊ (၂) ကြီးမားသောမတော်တဆမှု သုည (ဥပမာ၊ ကြီးမားသော ဟိုက်ဒရိုကာဗွန် ယိုစိမ့်မှု သုည၊ ယာဉ်မတော်တဆမှု သုည၊ ရေယာဉ် တိုက်မိမှု သုည) နှင့် (၃) ယိုဖိတ်မှု သို့မဟုတ် အပြင်မှ တိုင်းကြားခံရမှု သုည (ဥပမာ၊ အာဏာပိုင်များ/ ရပ်ရွာလူထုများ/ ပင်လယ်အသုံးပြုသူများက တိုင်ကြားခြင်း သုည) တို့ပါဝင်သည့် "ဦးတည်ချက် သုည - ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၌ မည်သူတစ်စုံတစ်ဦးမှ ထိခိုက်နာကျင်မှု မရှိစေရ" ဟူသည် အန္တိမပန်းတိုင်ဖြင့် မြန်မာနိုင်ငံတွင် ဘေးကင်းသော ရှာဖွေတူးဖော်မှု နှင့် ထုတ်လုပ်မှုတို့ကို ဆောင်ရွက်ရန် အာမခံထားပါသည်။

PTTEPI ကို ဆက်သွယ်ရန် အသေးစိတ်ဖော်ပြချက်ကို ***ဇယား ၁ -၁*** တွင် ဖော်ပြပေး ထားပါသည်။

***ဇယား (၁-၁)*** ***PTTEPI ကို ဆက်သွယ်ရန် အသေးစိတ်ဖော်ပြချက်***

| အကြောင်းအရာ | ဖော်ပြချက် |
|---|---|
| ကုမ္ပဏီအမည် | PTTEP International Limited |
| လိပ်စာ | ဗန်းတော့ချ် တာဝါ၊ အမှတ် (၆၂၃) ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ |
| ဖုန်းနံပါတ် | +၉၅(၁) ၆၅၂၇၀၀ |
| ဖက်စ်နံပါတ် | +၉၅(၁) ၆၆၇၇၈၃ |

## ***၁.၃ စီမံကိန်းအကြောင်းအရာ ဖော်ပြချက်***

ဇော်တိကစီမံကိန်းသည် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေး စီမံကိန်းဖြစ်ပြီး လုပ်ကွက် အမှတ် M9 နှင့် လုပ်ကွက်အမှတ် M11 ၏အစိတ်အပိုင်း အနည်းအငယ်ပါဝင်သော နေရာတွင် တည်ရှိပါသည်။ ဤစီမံကိန်းတွင် ကုမ္ပဏီနှစ်ခုပါဝင်၍ PTTEPI သည် ရှယ်ရာ ၈၀ ရာခိုင်နှုန်း ပါဝင်ပြီး မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သည် ရှယ်ရာ ၂၀ ရာခိုင်နှုန်း အသီးသီး ပါဝင်ကြပါသည်။ PTTEPI သည် စီမံကိန်းဖော်ဆောင်သူဖြစ်သည်။ စီမံကိန်း လုပ်ကွက်သည် မုတ္တမကွေ့တွင် တည်ရှိပြီး ရန်ကုန်မှ ၂၂၅ ကီလိုမီတာခန့်နှင့် မြန်မာ့ကမ်းရိုးတန်းမှ အနောက် ဘက်သို့ ၂၀၇ ကီလိုမီတာခန့် အကွာတွင် တည်ရှိပါသည်။

လက်ရှိဆောင်ရွက်နေသောဇော်တိက ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးတွင် အဆင့် 1A, 1B နှင့် 1C တို့အပြင် နောင်ဖြစ်ပေါ်လာမည့် ထပ်ပေါင်း ဖော်ဆောင်ရေး အဆင့် များ လည်းပါဝင်ပါသည်။ အခြားအဆင့်များမှာ ထပ်ပေါင်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်း စစ်ခြင်းများ နှင့်/သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ အရ နောင်တွင်ဆောင်ရွက် မည့်လုပ်ငန်းများဖြစ်၍ ယခုပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် သည် အဆင့် 1A နှင့် 1B

အတွင်းရှိလုပ်ငန်းများအတွက်သာ ပြုလုပ်ထားသည်။ ဇောတိက အဆင့် 1A ကမ်းလွန် တူးဖော်ရေးတွင် ZPQ (ဝန်ထမ်းအဆောင်များနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော ထုတ်လုပ်ရေးစင်)၊ တံတားဖြင့် သွယ်တန်းဆက်သွယ်ထားသော အဓိကတူးဖော် ရေးစင် WP1၊ အစွယ်အပွား တူးဖော်ရေးစင်နှစ်စင် WP2 နှင့် WP3၊ ဆက်စပ်ပိုက်လိုင်းများနှင့် အချင်း ၂၈ လက်မရှိ ၂၃ဝ ကီလိုမီတာအရှည်ရှိ ကမ်းလွန်သဘာဝဓါတ်ငွေ့ပို့ဆောင်ရေး ပိုက်လိုင်းတို့ပါဝင်ပါသည်။ ယခုလက်ရှိလုပ်ဆောင်နေသော ဇောတိကစီမံကိန်းဖော်ဆောင်ရေး အဆင့် 1B သည် WP4, WP5, WP6, နှင့် WP7 ဟုခေါ်တွင်သည့် အစွယ်အပွားတူးဖော်ရေးစင် လေးခု နှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ပိုက်လိုင်းများ ပါဝင်သည်။ ဇောတိကစီမံကိန်း အစိတ်အပိုင်းများ နှင့် ကမ်းလွန်နေရာ အဆောက်အအုံများ ၏ ခြုံငုံသုံးသပ်ချက်ကို ***ပုံ ၃-၁*** တွင်ဖော်ပြထားသည်။

ဇောတိက ကမ်းလွန် ထုတ်လုပ်ရေးလုပ်ငန်းများမှ အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ နှင့် ပမာဏ အလွန်နည်းသော အန္တရာယ်ရှိသော စွန်ပစ်ပစ္စည်းများကို ထွက်ရှိစေပါသည်။ စွန့်ပစ်ပစ္စည်းနှစ်မျိုးလုံးကို PTTEPI ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲသွားမည် ဖြစ်ပါသည်။ တူးဖော်ရေးလုပ်ငန်းများကာလအတွင်း ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းတစ်မျိုးချင်းစီ၏ ခန့်မှန်း ခြေ ပမာဏကို အောက်ပါ ***ဇယား ၁ -၂*** တွင် တင်ပြထားပါသည်။ ၄င်းတို့၏ အမျိုးအစားအလိုက် PTTEPI ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း အသေးစိတ်ကို ***ဇယား ၃ - ၃*** တွင် ဖော်ပြထားပါသည်။

ဇယား ၁ -၂ ၂၀၁၉ ဇန်နဝါရီ မှ ဒီဇင်ဘာလအထိ လများတွင် ဝန်ထမ်းအဆောင်များနှင့် ပေါင်းစပ်ဖွဲ့စည်းထားသော ထုတ်လုပ်ရေး စင် ZPQ က လစဉ်ထွက်ရှိသည့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းနှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း ပမာဏ

| စွန့်ပစ်ပစ္စည်းအမျိုးအစား | စွန့်ပစ်ပစ္စည်းအမည် | အလေးချိန် (ကီလိုဂရမ်) |
|---|---|---|
| အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်း | ယေဘူယျအားဖြင့် အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းများ (စွန့်ပစ်ပစ္စည်း အရော) | ၁၀၃၀၄၇ |
| | ပလပ်စတစ် ရေဘူးများ | ၁၂၀ |
| | ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှ ထွက်ရှိသော ညစ်ညမ်းသောသဲများ (produced sand*) | ၀ |
| အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း | ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှ ထွက်ရှိသော ညစ်ညမ်းသောသဲများ (produced sand*) | ၅၀၆၄၀ |
| | အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းအရောအနှောများ (ဥပမာ -ညစ်ညမ်းနေသော အဝတ်စများ) | ၂၀၀၄၀ |
| | စက်ချောဆီ | ၁၅၇၂ |
| | သက်တမ်းလွန်နေသော အန္တရာယ်ရှိ ဓာတု ပစ္စည်းများ | ၁၂၈၅ |
| | လုပ်ငန်းဆောင်ရွက်နေသော ပစ္စည်းကိရိယာများမှ ညစ်ညမ်းသော အနည်အနှစ်များ | ၃၆၆၆ |
| | ညစ်ညမ်းသော ပလပ်စတစ် စည်ပိုင်းများ | ၃၅၅၅ |
| | ညစ်ညမ်းသော သတ္တု စည်ပိုင်းများ | ၁၄၄၈ |
| | ခဲ ဘက်ထရီများ | ၇၄၅ |
| | Jet A 1 လောင်စာဆီ | ၆၀၂ |
| | မီးအိမ်/မီးချောင်း/မီးလုံး | ၄၉၀ |
| | နီကယ်-ကက်ဒမီယမ် ဘက်ထရီများ | ၂၁၀ |
| | ဓာတုပစ္စည်း အိတ်များ | ၄၀ |
| | ဆီများစွန်းထင်းနေသော လုပ်ငန်းခွင်သုံး တစ်ကိုယ်ရည်ကာကွယ်ရေး ပစ္စည်းများ | ၃၇ |
| | အန္တရာယ်ရှိသော သက်တမ်းလွန် သုတ်ဆေး | ၂၀ |

မှတ်ချက်။ ။ ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှ ထွက်ရှိသော ညစ်ညမ်းသောသဲများ (produced sand*) ကို အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း နှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်း နှစ်မျိုးလုံးအဖြစ်သတ်မှတ်နိုင်ပါသည်။ PTTEPI သည် ယခုအချိန်အထိ ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှ ထွက်ရှိသော ညစ်ညမ်းသောသဲများကို အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းအနေဖြင့် စွန့်ပစ်လျက်ရှိပါသည်။

ကိုးကား - PTTEPI, ၂၀၂၀

## ၁.၄ မူဝါဒ၊ ဥပဒေ နှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို စီမံကိန်း၏ လုပ်ငန်းအဆင့်များအားလုံးအတွက် ကြီးကြပ်ရေး နှင့် ကြီးကြပ်ရေးမဟုတ်သည့် ဆောင်ရွက်မှုသတ်မှတ်ချက်များနှင့်အညီ ပြုစုထားပါသည်။ အမျိုးသားအဆင့် သတ်မှတ်ချက်များ နှင့် သက်ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်များ နှင့် ကွန်ဗင်းရှင်းများပါဝင်လျက် စီမံကိန်းအတွက် မူဝါဒ နှင့် ဥပဒေ မူဘောင် တို့ကို အခန်း (၄) တွင် ဖော်ပြထားပါသည်။

ပတ်ဝန်းစီမံခန့်ခွဲမှုအစီအစဉ်သည် အောက်ပါတို့ကို ရည်ရွယ်ပါသည် -

- ဤဇောတိက တူးဖော်ထုတ်လုပ်ရေးဆောင်ရွက်မှု နှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ သယ်ယူရေးစနစ် စီမံကိန်းကို PTTEPI က ထောက်ပံ့ပေးသော သတင်းအချက် အလက်များ အပေါ်အခြေခံ၍ ရှင်းပြရန်၊
- ပတ်ဝန်းကျင် နှင့် လူမှု ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များကို စီမံကိန်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ရှင်းလင်းစွာ ထည့်သွင်းအသုံးပြုသွားနိုင်စေရန်၊
- အကြံပြုထားသော လုပ်ထုံးလုပ်နည်းများ နှင့် အလေ့အကျင့်များကို ပတ်ဝန်းကျင် နှင့် လူမှုဆိုင်ရာ သက်ရောက်မှုများကို ရှောင်ကြဉ်ရန်၊ လျှော့ချရန် သို့မဟုတ် လျှော့ကျစေရန် စီမံကိန်းကာလအတွင်း လေးစားလိုက်နာဆောင်ရွက်ရန်၊ နှင့်
- စာရင်းစစ်ခြင်း နှင့် အရေးပေါ်အစီအစဉ်များအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များနှင့်ပတ်သက်၍ လမ်းညွှန်ပေးနိုင်ရန်။

## ၁.၅ အနီးပတ်ဝန်းကျင် အကြောင်းအရာဖော်ပြချက်

### ၁.၅.၁ *ရူပရုပ်သွင်ပတ်ဝန်းကျင်*

မြန်မာနိုင်ငံတွင် မုတ်သုံရာသီပုံစံဖြင့် လွှမ်းမိုးနေသည့် ပူပြင်း၍ စိုထိုင်းသောရာသီဥတုရှိပါသည်။ ၎င်း၏ ရာသီဥတုကို ပြင်းထန်သော မုတ်သုံလွှမ်းမိုးမှုများ၊ သိသိသာသာ နေရောင်ရရှိမှု၊ မိုးရေချိန်မြင့်မှုတို့ လက္ခဏာဆောင်သည့် အပူပိုင်းမုတ်သုံရာသီအဖြစ် ဖော်ပြနိုင်ပါသည်။

ကမ်းရိုးတန်းဒေသများ၌ ပုံမှန်နှစ်စဉ်မိုးရေချိန်မှာ မြောက်ပိုင်းတွင် ၁,၅၀၀-၂,၀၀၀ မီလီမီတာခန့်ရှိပြီး၊ အရှေ့တောင်ပိုင်းတွင် ၂,၅၀၀ မီလီမီတာခန့်တိုးလာကာ၊ အနောက်တောင်ပိုင်းတွင် ၃,၅၀၀ မီလီမီတာခန့်အထိ တိုးသွားပါသည်။ နှစ်တစ်နှစ်၏ အလွန်မိုးရွာသွန်းမှုသည် မေလလယ် နှင့် နိုဝင်ဘာလလယ်တို့အကြား ဖြစ်ပေါ်သည်။ ၂၀၀၂ နှင့် ၂၀၀၄ တို့အကြား MODIS ဂြိုဟ်တုအချက်အလက်များအရ ပင်လယ်ပြင်မျက်နှာပြင်အပူချိန် (SST) သည် ၂၈ နှင့် ၃၀၀ ဒီဂရီဆဲလ်စီယပ် အပိုင်းအခြားရှိကြောင်း ဖော်ပြသည်။

လုပ်ကွက်အမှတ် M9 နှင့် လုပ်ကွက်အမှတ် M11 တို့ကို အပူပိုင်းမုန်တိုင်းများအသင့်လျော်ဆုံး ဖြစ်သော သဘာဝဘေးများစွာကြုံတွေ့နိုင်သည့် နေရာများအဖြစ် စဉ်းစားပါသည် (OCHA, ၂၀၁၃)။ မြန်မာနိုင်ငံ၌ ဆိုက်ကလုန်းများသည် ဧပြီ မှ မေအထိ နှင့် အောက်တိုဘာ မှ နိုဝင်ဘာအထိ မုတ်သုံ အကြို နှင့် မုတ်သုံအလွန်အချိန်တို့၌ ဘင်္ဂလားပင်လယ်တွင် စတင်ဖြစ်ပေါ်တတ်ပါသည်။ ဤဆိုက်ကလုန်းများသည် မိုးအလွန်အကျွံရွာသွန်းမှုများ၊ ရေကြီးမှုများ နှင့် မုန်တိုင်း တလိပ်လိပ်တက်မှုများကို အထူးသဖြင့် ရခိုင်ပြည်နယ်၏ ကမ်းရိုးတန်းဒေသများ၌ ဖြစ်ပေါ်စေတတ်ပါသည်။

## *၁.၅.၂ ဇီဝပတ်ဝန်းကျင်*

ကမ်းလွန်ဇောတိက တူးဖော်ရေးလုပ်ငန်းသည် အတန်အသင့်ဝေးလွန်းသောနယ်မြေဧရိယာ တွင် တည်ရှိသဖြင့်၊ လေ့လာမှုနယ်မြေဧရိယာ၏ ဇီဝသဘာဝမှာ ကမ်းနီးနယ်မြေဧရိယာများ နှင့် နှိုင်းယှဉ်ပါက ဂေဟတန်ဖိုးနိမ့်မည်ဟု တွက်ချက်ပါသည်။ သို့ရာတွင်၊ နို့တိုက်သတ္တဝါများ၊ ပင်လယ်လိပ်များ နှင့် ပင်လယ်ပျော်ငှက်များသည် ဤရေနက်ပိုင်းနယ်မြေဧရိယာများကို အခါအားလျော်စွာ ဖြတ်သန်းသွားနိုင်ကြောင်း မှတ်သားရမည် ဖြစ်ပါသည်။

အထက်ပါအကြောင်းအရာအပြင်၊ ၂၀၀၉ တွင် ဆောင်ရွက်ခဲ့သည့် အခြေခံအချက်အလက် များ နှင့် ၂၀၁၆ တွင် ဆောင်ရွက်ခဲ့သည့် အဏ္ဏဝါပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုတို့ ကာလအတွင်း ကောက်ယူခဲ့သည့် လုပ်ကွက်အမှတ် M9 ၏ ပတ်ဝန်းကျင်အခြေအနေများနှင့် ပတ်သက်၍ မူလအချက်အလက်များသုံးသပ်မှုကို (အခန်း ၆ တွင် နောက်ထပ်ဆွေးနွေး သွားမည်) အောက်ပါအတိုင်း အနှစ်ချုပ်ထားပါသည် -

- ရေအောက်ကြမ်းပြင်နေ သက်ရှိသတ္တဝါများ နှင့် မျောလေ့များ - မျောလေ့များ၊ ငါး ကောင်အသေးများ နှင့် ရေအောက်ကြမ်းပြင်နေ သက်ရှိသတ္တဝါများ သည် ပုံမှန်အနေ အထားကာလအတွင်း ပေါများမှု၊ သိပ်သည်းမှု နှင့် မျိုးစုံမှု တို့ကို တွေ့ရပြီး၊ ၂၀၀၉ နှင့် ၂၀၁၆ တို့အကြား တိုင်းတာမှုများတွင် ပုံမှန်လျော့ကျမှုများ မတွေ့ရှိရပါ (အချို့ ပါရာမီတာများမှာ တိုးပွားလာကြောင်း နှင့် အချို့မှာ လျော့ကျလာကြောင်း ပြသည် သို့ရာတွင် လျော့ကျမှုမှာ အချိန်ကာအကြာ ဂေဟစနစ်ကောင်းမွန်မှုဖြင့် လျော့ကျမှု တို့အကြား ခိုင်လုံသောချိန်ဆက်မှုများ မရှိပါ)။
- ပင်လယ်ရေအရည်အသွေး - ပင်လယ်ရေအရည်အသွေးအတွက် တိုင်းတာခဲ့သည့် ပါရာ မီတာများအားလုံးလောက်မှာ သက်ဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီမှုရှိပါသည်။ သို့ရာတွင် တစ်ခုတည်းသောခြွင်းချက်အနေဖြင့် အောက်ဆီဂျင်ပါဝင်မှုအတွက် တိုင်းတာမှုများတွင် အောက်ဆီဂျင်ပါဝင်မှုအဆင့်များသည် ယေဘုယျအားဖြင့် နိမ့်မည် ဟုမျော်လင့်ထားသည့် မီတာ ၅၀ ကျော် နက်သည့်နေရာများတွင် စံနှုန်းအောက် ရောက်ကြောင်း တွေ့ရှိခဲ့ ပါသည်။ ထို့ပြင်၊ ပါရာမီတာအများစုမှာ ၂၀၀၉ နှင့် ၂၀၁၆ စစ်တမ်းများအရ အချိန်ကာလ အကြာတွင် သိသိသာသာတိုးလာမှုကို ပြသသည့် ဘာရီယံ၊ ခရိုမီယံ၊ သံ နှင့် မာကျူရီ တို့မှလွဲ၍

သိသာသောပြောင်းလဲမှုကို မပြပါ။ ဤပါရာမီတာများ၏ ပါဝင်မှုများတွင် တိုးပွားလာမှုတို့သည် အချိန်ကာလတစ်ခုအတွင်း ဆောင်ရွက်ခဲ့သည့် တူဖော်ရေး နှင့် ထုတ်လုပ်ရေး လုပ်ငန်းများကြောင်း မှတ်ယူနိုင်ပါသည်။ သို့ရာတွင်၊ အဆင့်များမှာ သက်ဆိုင်ရာစံနှုန်းများ၏ အောက်တွင်သာ ရှိသေးပါသည်။ ခြုံ၍ကြည့်လျှင်၊ စီမံကိန်း နယ်မြေဧရိယာရှိ ပင်လယ်ရေအရည်အသွေးကို ကောင်းမွန်သော သက်ရောက်မှုများ အတွက် ထိခိုက်လွယ်မှုနိမ့်ကြောင်း စဉ်းစားပါသည်။

- နုန်းအရည်အသွေး - စစ်တမ်းနှစ်ရပ်လုံးမှ ရလဒ်များတွင် တိုင်းတာခဲ့သည့်ပါရာမီတာ အားလုံး နီးပါးမှာ NOAA နုန်းအရည်အသွေးလမ်းညွှန်များ နှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါသည် (ERL နှင့် ERM)။ ခြွင်းချက်မှာ နီကယ်ဖြစ်ပြီး၊ ၂၀၀၉ တွင် ၂၉-၆၃ mg/kg နှင့် ၂၀၁၆ စစ်တမ်းတွင် ၅.၉၉-၃၉.၅၆ mg/kg အထိ ပြောင်းလဲခဲ့သည်။ အာဆင်နစ် (As) ကို ၂၀၀၉ တွင် အထက်ပါ ERL က တိုင်းတာခဲ့ပြီး ၃-၂၀ mg/kg ရှိပါသည်။ နီကယ် နှင့် အာဆင်နစ်နှစ်မျိုးလုံးပါဝင်မှုသည် ၂၀၀၉ နှင့် ၂၀၁၆ တို့အကြားတွင် လျော့ကျသွားကြောင်း မှတ်သားရမည် ဖြစ်ပါသည်။ အခြားမှတ်သားစရာ ကောင်းသော ရလဒ်များမှာ ၂၀၀၉ နှင့် ၂၀၁၆ တို့အကြား နုန်းတွင် ဘာရီယံပါဝင်မှု သိသိသာသာတိုးလာခြင်း ဖြစ်ပါသည်။

၁.၅.၃ *လူမှုစီးပွား ပတ်ဝန်းကျင်*

သက်ရောက်မှုရှိစေမည့် လူမှုနယ်မြေဧရိယာ (SAoI) သည် အဓိကအားဖြင့် ဒေသသုံးခု ပါဝင်မည် ဖြစ်ပါသည်။ ၎င်းတို့မှာ တနင်္သာရီ၊ ရန်ကုန် နှင့် မွန်ပြည်နယ်တို့ဖြစ်ကြပါသည်။ နယ်မြေဧရိယာတွင် လုပ်ကွက်အမှတ် M9 မှ ၈၃ နှင့် ၁၄၉ ကီလိုမီတာ အသီးသီးကွာဝေး သည့် နာကိုဒန်း နှင့် ကိုကိုး ကျွန်းတို့တွင် ခရီးသွားလုပ်ငန်းရှိနေသည့် အတွက် ၎င်းကျွန်းများ လည်း ပါဝင်မည် ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ လူများသည် ရေလုပ်ငန်းမွေးမြူရေး လုပ်ငန်းများနှင့်ဆက်စပ်သော ငါးဖမ်းလုပ်ငန်းအပေါ်တွင် အဓိက မှီခိုနေကြပြီး၊ ဤတိုင်းဒေသကြီးရှိ နေထိုင်သူလူများအတွက် အဓိက ဖြစ်နိုင်သည့် အလုပ်အကိုင် နှင့် ဝင်ငွေရင်းမြစ်ဖြစ်ပါသည်။ ဒေသတွင် အသက်မွေးဝမ်းကျောင်း၏ အဓိကရင်းမြစ်များများထဲမှ တစ်ခုမှာ စိုက်ပျိုးရေးဖြစ်ပြီး ရော်ဘာ များ နှင့် စားအုန်းဆီစိုက်ပျိုးရေးလုပ်ငန်းများ ရှိကြပါသည်။ ဒေသအတွင်း သတ္တုတူးဖော်မှုလုပ်ငန်းကိုလည်း တွေ့ရှိနိုင်ပါသည်။

စိုက်ပျိုးရေး၊ ခြံမွေးတိရစ္ဆာန်များမွေးမြူရေး နှင့် ငါးဖမ်းလုပ်ငန်းများသည် ရန်ကုန်တိုင်းဒေသကြီးရှိ ကျေးလက်ဒေသများ၌ အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ စပါး၊ ပဲတောင့်များ နှင့် ပဲများသည် အဓိက သီးနှံများဖြစ်ကြသော်လည်း၊ ဂုန်လျှော်၊ ရော်ဘာ၊ မြေပဲ နှင့် ကြံတို့ကိုလည်း တွေ့ရှိရပါသည်။

စိုက်ပျိုးရေးသည် မွန်ပြည်နယ်တွင် အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး၊ စိုက်ပျိုးနိုင်သောမြေ ကေသုံးသန်းခန့် ရှိပါသည်။ စပါး၊ ပြောင်းဖူး၊ မြေပဲ၊ နေကြာ၊ သီးဟိုဠ်သရက်၊ ကြံ၊ စားအုန်းဆီ၊ ကိုကိုး နှင့် များစွာသော အသီးပင်များကို ဒေသအတွင်း တွေ့ရှိရပါသည်။

SA01 သည် မွန် နှင့် တနင်္သာရီငါးဖမ်းနယ်မြေဧရိယာများဖြစ်ကြသည့် ကမ်းဝေးငါးဖမ်းဇုန် နှစ်ခု ပါဝင်ပါသည်။ ကိုကိုး နှင့် နာကိုဒန်းကျွန်းများအနီး ငါးဖမ်းလုပ်ငန်းများလည်း ရှိနိုင် ပါသည်။ စီမံကိန်းနယ်မြေဧရိယာအနီး ကမ်းဝေးငါးဖမ်းလုပ်ငန်းများအတွက် အဖမ်းအများ ဆုံး ကာလမှာ ဧပြီ၊ မေ၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ နှင့် ဒီဇင်ဘာလ တို့ဖြစ်ကြပြီး၊ မေလမှာ အဖမ်းအများဆုံးလများ၏ အကောင်းဆုံးလ ဖြစ်သည်။

## *၁.၆ ဖြစ်ပေါ်လာနိုင်သည့် အဓိကအရေးကြီးသော ထိခိုက်မှုများ နှင့် လျှော့ချရေး အစီအမံများကို ဖော်ပြချက်*

ဆောင်ရွက်လည်ပတ်နေသည့် စီမံကိန်းလုပ်ငန်းများမှ ဖြစ်ပေါ်လာနိုင်သည့် အဓိက အရေး ကြီးသော ထိခိုက်မှုများ နှင့် အဓိကလျှော့ချရေး အစီအမံများ၏ အနှစ်ချုပ်ကို ***ဇယား ၁ -၃*** တွင်ဖော်ပြထားသည်။ ၎င်းဖော်ပြချက်များသည် အဓိကအရေးပါဆုံးသော ထိခိုက်မှုများနှင့် လျှော့ချရေးအစီအမံများကို အကျဉ်းချုံးထားသည့် ဖော်ပြချက်သာ ဖြစ်သည်။ လုပ်ငန်း တစ်ခုစီတိုင်းမှ ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများ၏ အသေးစိတ် ဖော်ပြချက်များကိုမူ ***အခန်း(၆)*** တွင် ဖော်ပြထားပြီး သက်ရောက်မှုတစ်ခုစီတိုင်းအတွက် လျှော့ချရေး အစီအမံ များစာရင်းကိုမူ ***အခန်း(၇)*** တွင် ဖော်ပြထားသည်။

ဖော်ထုတ်သတ်မှတ်ထားသည့် လျှော့ချရေး အစီအမံများကို ထိခိုက်မှုများ၏ ဖြစ်နိုင်ခြေ ကို လျှော့ချရန် နှင့်/သို့မဟုတ် ထိခိုက်မှုဖြစ်ပွားလျှင် ၎င်း၏ အတိုင်းအတာပမာဏ သို့မဟုတ် ပြင်းထန်မှု ကိုကန့်သတ်ရန် အသုံးပြုသည်။ အဆိုပြုလျှော့ချရေးအစီအမံများ၏ ရည်ရွယ် ချက်မှာ ဖော်ထုတ်သတ်မှတ်ထားသည့် ထိခိုက်နိုင်မှုများကို စီမံခန့်ခွဲရန်၊ နည်းဥပဒေများကို လိုက်နာရန် နှင့် စီမံကိန်းလုပ်ငန်းများအား အကောင်အထည် ဖော်ဆောင်နေစဉ်အတွင်း နိုင်ငံတကာ စက်မှုလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များ၏ စံချိန်စံညွှန်းများကို လိုက်နာ ကျင့်သုံးကြောင်းသေချာစေရန် ဖြစ်ပါသည်။

ဖော်ထုတ်သတ်မှတ်ထားသည့် ဖြစ်နိုင်ခြေရှိသော ထိခိုက်မှုများအားလုံးသည် အဆိုပါ လျှော့ချရေး အစီအမံများကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် သင့်တော်စွာ စီမံ ခန့်ခွဲနိုင်မည်ဖြစ်ပြီး၊ စီမံကိန်းလုပ်ငန်းများမှ အရေးကြီးသောထိခိုက်မှုများ ရှိမည်မဟုတ် အကြောင်း မှတ်သားသင့်ပါသည်။

လျှော့ချရေး အစီအမံများကို အကောင်အထည်ဖော်ရန် ကုန်ကျစရိတ်ကို PTTEPI ၏ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်တွင် ထည့်သွင်းထားသောကြောင့် တစ်ခုချင်းစီအတွက်

ဖြစ်နိုင်ချေရှိသော စရိတ်ကို သတ်မှတ်ဖော်ပြရန် မဖြစ်နိုင်ပါ။ သို့သော် PTTEPI သည် လျှော့ချရေး အစီအမံများအားလုံးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ မီလီယံ ကျော် ကုန်ကျမည်ဟု ခန့်မှန်းထားပါသည်။

*ဇယား (၁ -၃) ဖြစ်ပေါ်လာနိုင်သည့် အဓိကအရေးကြီးသော ထိခိုက်မှုများ နှင့် လျှော့ချရေး အစီအမံများကို ဖော်ပြချက်*

| ကဏ္ဍများ | ဖြစ်ပေါ်လာနိုင်သည့် အဓိကအရေးကြီးသော ထိခိုက်မှုများ | အဓိက လျှော့ချရေး အစီအမံများ |
|---|---|---|
| **ထုတ်လုပ်ရေး/လည်ပတ်ရေးအဆင့်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် အဓိက ထိခိုက်မှုများ** | | |
| ၁။ လေထု အရည်အသွေး | ၁.၁။ သင်္ဘောများ ၊ စက်ပစ္စည်းများ ၊ တွင်းတူးစက် နှင့် အင်ဂျင်များ လည်ပတ်ခြင်းကြောင့် လောင်ကျွမ်းမှု များမှ အခိုးအငွေ့များထွက်ရှိစေနိုင်ပါသည်။ | ၁.၁.၁ အဆက်မပြတ် လေဝင်လေထွက်ရှိစေခြင်းနှင့် ပုံမှန်မဟုတ်သော မီးလောင်ခြင်းများကို ရှောင်ရှားပါမည်/ |
| | | ၁.၁.၂ ဓာတ်ငွေ့မီးတောက်လောင်မှုကို လျှော့ချရန် ဓာတ်ငွေ့အပိုသုံးစွဲမှုကို တတ်နိုင်သလောက် လျှော့ချပါမည်။ |
| | | ၁.၁.၃ အကယ်၍ အရေးပေါ် အခြေအနေ သို့ စက်ပစ္စည်း ချို့ယွင်းမှုဖြစ်ပါက ပိုနေသောဓာတ်ငွေ့များကို မီးတောက်ဓာတ်ငွေ့စနစ်သို့ ပို့ဆောင်သွားပါမည်။ |
| | | ၁.၁.၄ မီးတောက်ဖြစ်ရပ်များ အားလုံးအတွက်ဓာတ်ငွေ့မီးတောက်၏ ပမာဏကို မှတ်တမ်းတင်ပါမည်။ |
| | | ၁.၁.၅။ စက်ပစ္စည်း ပြုပြင်သည့် အချိန်ဇယားနှင့် ထုတ်လုပ်သူများမှ သတ်မှတ်ထားသည့် လောင်ကျွမ်းနှုန်းများအရ စက်ပစ္စည်းများအား ပုံမှန်စစ်ဆေးခြင်း နှင့် စက်များအား ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်ခြင်း။ |
| | ၁.၂။ စီမံကိန်းမှ ဖန်လုံအိမ်ဓါတ်ငွေ့ ထွက်ရှိခြင်းသည် ကမ္ဘာကြီးကို ပူနွေးစေနိုင်ပါသည်။ | ၁.၂.၁။ စီမံကိန်းမှ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုကို စောင့်ကြပ်ကြည့်ရှုရန် နှစ်စဉ်ထုတ်လွှတ်သည့် ညစ်ညမ်းမှုများကို စစ်တမ်းပြုလုပ်ခြင်း။ |
| | ၁.၃။ ငွေ့ရည်ဖွဲ့လောင်ကျွမ်းခြင်းမှလေထုထုတ်လွှတ်မှုသည် လေထုအရည်အသွေး သို့မဟုတ် GHG အပေါ်အကျိုးသက်ရောက်နိုင်သည် | ၁.၃.၁။ လေဝင်လေထွက်ရှိစေခြင်းနှင့် မီးလောင်ခြင်းများနှင့် ပတ်သတ်၍ အတိုင်းအတာများ ချမှတ်ခြင်း |
| | | ၁.၃.၂။ ပြုပြင်ထိန်းသိမ်းမှု အချိန်ဇယား/ လောင်ကျွမ်းခြင်း၏ထိရောက်မှုကို သေချာစေရန် ထုတ်လုပ်သူများက အကြံပြုထားသည့်အတိုင်း လောင်ကျွမ်းစေနိုင်မှုများအတွက် ပုံမှန်စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးကို ပြုလုပ်ခြင်း။ |
| ၂။ ပင်လယ်ရေနှင့် နုန်း အရည်အသွေး | ၂.၁။ စီမံကိန်း၏ ကမ်းလွန်ရေနံတူးဖော်ခြင်းမှ စွန့်ထုတ်နိုင်သည့် အမျိုးမျိုးသော ရေဆိုးများ (အင်ဂျင်ခန်း နှင့် သင်္ဘောကုန်းပတ်မှ ထွက်လာသော ရေဆိုးများ၊ တွင်းတူးကျစ်စာများ ၊ သင်္ဘော နှင့် တူးဖော်ကိရိယာများမှ စွန့်ထုတ်မှုများ ပါဝင်သည့် ဆီ-ဓာတုဗေဒပစ္စည်းများ၊ ဝမ်းဗိုက် တွင်းရှိရေများ နှင့် မိလ္လာရေများအပါအဝင်) များသည် ပင်လယ်ရေ အရည် အသွေးကို ထိခိုက်စေနိုင်ပါသည်။ | *၂.၁.၁။ စီမံကိန်းသင်္ဘောများကို ပင်လယ်ရေကြောင်းသွားလာခြင်းဆိုင်ရာစည်းကမ်း (*MARPOL 73/78*) နှင့်* PTTEPI *မြန်မာကုမ္ပဏီ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ် မှ သတ်မှတ်ချက်များနှင့်အညီ စီမံကိန်းရေယာဉ်များကို လည်ပတ်ဆောင်ရွက်ခြင်း။* |

| ကဏ္ဍများ | ဖြစ်ပေါ်လာနိုင်သည့် အဓိကအရေးကြီးသော ထိခိုက်မှုများ | အဓိက လျှော့ချရေး အစီအမံများ |
|---|---|---|
| | ၂.၂။ စီမံကိန်းမှ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း နှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်း အမျိုးမျိုးကို စွန့်ထုတ်နိုင်ပါသည်။ မနစ်မကျသော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု (သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း နှင့် စွန့်ထုတ်ခြင်းများ အပါအဝင်) သည် ပင်လယ်ရေအရည်အသွေး ကို ထိခိုက်စေနိုင်ပါသည်။ | ၂.၂.၁။ ကမ်းလွန်ရေနံတူးဖော်ရာတွင် ပင်လယ်ရေကြောင်းသွားလာခြင်းဆိုင်ရာစည်းကမ်း (MARPOL 73/78) နှင့် PTTEPI မြန်မာကုမ္ပဏီ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ် မှ သတ်မှတ်ချက်များနှင့်အညီ စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်း။ |
| ၃။ ဇီဝဗေဒမျိုးစုံမျိုးကွဲ နှင့် ဂေဟစနစ် | ၃.၁။ ပင်လယ်ရေ (သို့) နုန်း အရည်အသွေး လျော့ကျခြင်းသည် တစ်ဆင့်ခံ ထိခိုက်မှုဖြစ်နိုင်ပါသည်။ | ၃.၁.၁။ ပင်လယ်ရေ နှင့် နုန်း အရည်အသွေး ထိခိုက်မှုများအတွက် လျှော့ချမည့် နည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ |
| | | ၃.၁.၂။ ယာဉ်ကြောပိတ်ဆို့မှုကိုသတိပေးရန်အထောက်အကူပြုရေယာဉ်များကိုသုံးခြင်း |
| | | ၃.၁.၃။ ZPQ ၊ WP နှင့် တွင်းတူးစက် များပတ်ဝန်းကျင်မီတာ ၅၀၀ အကွာအဝေး ဘေးကင်းလုံခြုံရေးဇုန်ကို သတ်မှတ်ပြီး တိုက်မိခြင်းမှကာကွယ်ရန် ဘေးကင်းလုံခြုံရေးဇုန်သို့ ချဉ်းကပ်သောငါးဖမ်းခြင်းနှင့် ကူးသန်းရောင်းဝယ်ရေး ရေယာဉ်များအား စောင့်ကြည့်လေ့လာရန်အထောက်အကူပြုရေယာဉ်များကို ထားရှိခြင်း။ |
| ၄။ ရေကြောင်းသွားလာမှု အတွက် အဟန့်အတားများ | ၄.၁။ ပင်လယ်ကူး သင်္ဘောများ နှင့် ကမ်းလွန်ရေနံတူးဖော်ရာတွင် အသုံးပြုမည့် ဆက်စပ်ပစ္စည်း များသည် ကမ်းလွန်ရေနံတူးဖော်သည့် ဧရိယာ နှင့် သာကေတအခြေစိုက်ကမ်းတို့တွင် ဓာတုဗေဒ ပစ္စည်းများ နှင့် စွန့်ပစ်ပစ္စည်းတို့ သယ်ယူပို့ဆောင်ချိန်တွင်း ရေကြောင်း သွားလာမှု များကို အဟန့်အတားဖြစ်စေနိုင်ပါသည်။ | ၄.၁.၁။ ဓာတ်ငွေ့မတူးဖော်မီ ရက်၃၀ အလိုတွင် စီမံကိန်းလုပ်ငန်းများအလိုက် သက်ဆိုင်ရာ အဖွဲ့အစည်းများ (ဆိုလိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာ၊ မွေးမြူရေး ဝန်ကြီးဌာန၊ ငါးလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန နှင့် မြန်မာနိုင်ငံရေတပ်) ကို ရေလုပ်သားသို့ "ပင်လယ်ရေကြောင်းသတိပေးစာ" ကို ထုတ်ပေးရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ |
| | | ၄.၁.၂။ ယာဉ်သွားလာမှုများကို သတိပေးရန် ထောက်ပံ့ သင်္ဘောများကို အသုံးပြုခြင်း။ |
| | | ၄.၁.၃။ ZPQ ၊ WP နှင့် တွင်းတူးစက် အနီးတွင် ၅၀၀ မီတာရှိသော ဘေးကင်းဇုန် ကိုသတ်မှတ်ပြီး ငါးဖမ်းခြင်းကို စောင့်ကြည့်ရန် နှင့် ဘေးကင်းဇုန်သို့ ချဉ်းကပ်လာသော ကုန်သွယ်/ချ သင်္ဘောများတိုက်မိခြင်းကို ကာကွယ်ရန် ထောက်ပံ့ ရေယာဉ်များ ပြင်ဆင်ပေးခြင်း။ |
| ၅။ လုပ်ငန်းခွင် ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး | ၅.၁။ စီမံကိန်းလုပ်ဆောင်မှု အမျိုးမျိုးကြောင့် ဒဏ်ရာရရှိခြင်း နှင့် ဖျားနာမှုများ ဖြစ်စေနိုင်ပါသည်။ | ၅.၁.၁။ PTTEPI ၏ SSHE စီမံခန့်ခွဲမှုစနစ် (***နောက်ဆက်တွဲ - က***) မှ ဆက်စပ်ပါဝင်သော အရာများကို အကောင်ထည်ဖော်ဆောင်ရွက်ခြင်း။ |

| ကဏ္ဍများ | ဖြစ်ပေါ်လာနိုင်သည့် အဓိကအရေးကြီးသော ထိခိုက်မှုများ | အဓိက လျှော့ချရေး အစီအမံများ |
|---|---|---|
| **စီစဉ်မထားသည့်ဖြစ်ရပ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အဓိက ထိခိုက်မှုများ** | | |
| ၆။ သင်္ဘောများ တိုက်မိခြင်း | ၆.၁။ ပစ္စည်းများသယ်ယူပို့ဆောင်ချိန် နှင့် ကမ်းခွာချိန် တွင် ရေယာဉ် တိုက်မိခြင်းများ ဖြစ်ပွားစေနိုင်ပါသည်။ | ၆.၁.၁။ PTTEPI ၏ SSHE စီမံခန့်ခွဲမှုစနစ် (***နောက်ဆက်တွဲ - က***) အတိုင်းဆောင်ရွက်ခြင်း။ |
| | | ၆.၁.၂။ ခါတ်ငွေ့မတူးဖော်မီ ရက်၃ဝ အလိုတွင် စီမံကိန်းလုပ်ငန်းများအလိုက် သက်ဆိုင်ရာ အဖွဲ့အစည်းများ (ဆိုလိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာ၊ မွေးမြူရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန နှင့် မြန်မာနိုင်ငံရေတပ်) ကို ရေလုပ်သားသို့ "ပင်လယ်ရေကြောင်းသတိပေးစာ" ကို ထုတ်ပေးရန် မြန်မာ့ရေနံနှင့် သဘာဝခါတ်ငွေ့ လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ |
| | | ၆.၁.၃။ ZPQ ၊ WP နှင့် တွင်းတူးစက် များပတ်ပတ်လည်တွင် ၅၀၀မီတာအကွာအဝေးကို ဘေးကင်းရေးဇုံအဖြစ် သတ်မှတ်ခြင်း။ |
| | | ၆.၁.၄။ အကူရေယာဉ်များ အသုံးပြု၍ လမ်းကြောင်းရှင်းလင်းခြင်း။ |
| | | ၆.၁.၅။ မတော်တဆ တိုက်မိမှုမှ ကာကွယ်ရန် ရေယာဉ်တိုင်း၌ သင့်တော်သော မီးဆလိုက်များနှင့် သတိပေး အချက်ပြ ကိရိယာများတပ်ဆင်ခြင်း။ |
| ၇။ မတော်တဆ ယိုဖိတ်မှုများ | ၇.၁။ ချောဆီများ၊ ဓါတုပစ္စည်း (သို့မဟုတ်) ဒီဇယ်လောင်စာဆီများ မတော်တဆယိုဖိတ်မှုများသည် စီမံကိန်းအဆင့်တိုင်း၌ ဖြစ်ပေါ်နိုင်ပြီး၊ ၎င်းတို့သည် ရေမျက်နှာပြင် အရည်အသွေးကို တိုက်ရိုက်ထိခိုက်နိုင်သကဲ့သို့ ပင်လယ်ကြမ်းခင်းအနယ် အရည်အသွေးနှင့် ပင်လယ်ဂေဟစနစ်ကို သွယ်ဝိုက်ထိခိုက်စေနိုင်သည်။ | ၇.၁.၁။ PTTEPI ၏ SSHE စီမံခန့်ခွဲမှုစနစ် (***နောက်ဆက်တွဲ - က***)၏ သက်ဆိုင်ရာ အပိုင်းအလိုက် အကောင်အထည်ဖော်ခြင်း။ |
| | | ၇.၁.၂။စုစုပေါင်းတန်ချိန် (၄၀၀)ထက် ကြီးသော ရေယာဉ်တိုင်းတွင် လောင်စာဆီသိုလှောင်မှု၊ စွန့်ပစ်ပစ္စည်း ကိုင်တွယ် စီမံမှုနှင့် စွန့်ပစ်မှုတို့ကို လုပ်ထုံးလုပ်နည်း၊ အစီအစဉ်များ (ပင်လယ်ရေကြောင်းသွားလာခြင်းဆိုင်ရာစည်းကမ်း MARPOL 73/78 လိုအပ်ချက်၊ PTTEPI နှင့် လုပ်ငန်းဆောင်ရွက်သူများ၏ အစီအစဉ်များ) နှင့် အညီလုပ်ကို်င ဆောင်ရွက်ခြင်း။ |
| | | ၇.၁.၃။ မြန်မာနှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း သွားလာရေးအဖွဲ့အစည်း (IMO) ၏ ရေယာဉ်မျော ပင်လယ်ခရီး စိတ်ချရမှုနှင့် ရေကြောင်းသွားလာရေး လုံခြုံမှုနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများနှင့် စံနှုန်းများနှင့် အညီ လိုက်နာဆောင်ရွက်ခြင်း။ |
| | | ၇၁.၄။ ဓါတုပစ္စည်းများကို ၎င်းတို့၏ သဘောသဘာဝ အလိုက် ခွဲခြားသိုလှောင်ခြင်း။ |
| | | ၇.၁.၅။ ချောဆီများ၊ လောင်စာဆီများ၊ သုတ်ဆေးများနှင့် အခြားသော ဓါတုပစ္စည်းများကို လိုအပ်သလောက်သာ သိုလှောင်ခြင်း။ |

| ကဏ္ဍများ | ဖြစ်ပေါ်လာနိုင်သည့် အဓိကအရေးကြီးသော ထိခိုက်မှုများ | အဓိက လျှော့ချရေး အစီအမံများ |
|---|---|---|
| | | ၇.၁.၆။ ရေနံယိုဖိတ်မှုမတော်တဆဖြစ်မှုတွင် ရေနံကြောင့်ညစ်ညမ်းသွားသည့်ဧရိယာကို ပြန်လည်သန့်စင်ခြင်း (ရေနံစုပ်ယူခြင်းဖြင့် သန့်စင်ခြင်း အစရှိသဖြင့်)၊ စွန့်ပစ်ရန်ရေနံနှင့်အတူ ညစ်ညမ်းသည့်ပစ္စည်းများ အားလုံးကို ကုန်းတွင်းသို့ ပေးပို့စွန့်ပစ်ခြင်း။ |
| | | ၇.၁.၇။ ZPQ ၊ WP နှင့် တွင်းတူးစက် များ အားလုံးတွင် ဆီနှင့် ဓါတုပစ္စည်းများ ယိုဖိတ်မှုကို ကာကွယ်ရန် (Drip tray) စုပ်ခွက်များ၊ ဘန်းများတပ်ဆင်ခြင်း။ ယိုဖိတ်ဆီနှင့် ဓါတုပစ္စည်းများကို အလုံပိတ် ထည့်စရာ (Sealed container) များအတွင်း၌ စုဆောင်ထားခြင်း။ |
| | | ၇.၁.၈။ မတော်တဆမှုများကို ကာကွယ်ရန် ZPQ ၊ WP နှင့် တွင်းတူးစက် များ မှ အချင်းဝက်- ၅၀၀ မီတာ စက်ဝိုင်းအတွင်း လုံခြုံရေးဇုန် သတ်မှတ်ပြီး ပုံမှန်စောင့်ကြည့်ခြင်း။ |
| | | ၇.၁.၉။ မတော်တဆ တိုက်မိမှုမှ ကာကွယ်ရန် ရေယာဉ်တိုင်း၌ သင့်တော်သော မီးဆလိုက်များနှင့် သတိပေး အချက်ပြ ကိရိယာများတပ်ဆင်ခြင်း။ |
| | | ၇.၁.၁၀။ အရည်သိုလှောင်ရေး (လှောင်စာဆီ၊ ဆီနှင့် ဓါတုပစ္စည်းများစသည့်) တွင် အသုံးပြုသော ကိရိယာများ၏ စိမ့်ထွက်မှု၊ ထိခိုက်မှုများနှင့် ကြိုတင်ထိမ်းသိမ်းရေး လုပ်ငန်းများကို ပုံမှန် စစ်ဆေးမှုပြုလုပ်ခြင်း။ |
| | | ၇.၁.၁၁။ အရေးပေါ်ပြန်လည်တုန့်ပြန်မှု နည်းလမ်းနှင့် အရေးပေါ် အပူပိုင်းမုန်တိုင်းသတိပေးချက်များ အတိုင်း ကြိုတင်လေ့ကျင့်မှုများပြုလုပ်ခြင်း။ |
| | | ၇.၁.၁၂။ တွင်းများမှ ရေနံများနှင့် အခြားသော ဒြပ်ပေါင်းများ ယိုစမ့်မှုမရှိစေရန် သင့်လျှော်မည့် Plug & Abandonment နည်းလမ်းများ ကိုကျင့်သုံးခြင်း။ |
| | | ၇.၁.၁၃။ ကန်ထရိုက်တာများအားလုံးက ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးချမှုကို ဘေးကင်းစေရန် သင်တန်းပေးခြင်း များ နှင့် ဘေးကင်းရေးစံနှုန်းသတ်မှတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ |
| | | ၇.၁.၁၄။ ဖိတ်စဉ်မှုကို ပြန်လည်သန့်စင်မည့်ပစ္စည်းကိရိယာ အစုံအလင်ထားရှိခြင်း။ |
| | | ၇.၁.၁၅။ ဓာတုဗေဒပစ္စည်းများ အသုံးချမှုလမ်းညွှန်မှချမှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဓာတုပစ္စည်းများကိုကိုင်တွယ် ဆောင်ရွက်ခြင်း။ |
| | | ၇.၁.၁၆။ အမှိုက်စုပုံမှုများ၊ ခွဲခြားမှုများ၊ သယ်ယူပို့ဆောင်မှုများကို စနစ်တကျ ဆောင်ရွက်ခြင်း။ |
| | | ၇.၁.၁၇။ အန္တရာယ်ရှိသော အမှိုက်များအကြောင်း ရှင်းလင်းပြသထားခြင်း။ |

| ကဏ္ဍများ | ဖြစ်ပေါ်လာနိုင်သည့် အဓိကအရေးကြီးသော ထိခိုက်မှုများ | အဓိက လျှော့ချရေး အစီအမံများ |
|---|---|---|
| | | ၇၁.၁၈။ ဓာတုပစ္စည်းများ အသုံးပြုမှုနှင့် လောင်စာသယ်ယူခြင်း လုပ်ငန်းများတွင် သင့်လျော်သော ထိန်းချုပ်ရေး ကိရိယာများ တပ်ဆင်ခြင်း။ စစ်ဆေးခြင်းများကို လုပ်ငန်း မလည်ပါတ်မီ အချိန်တိုင်း ဆောင်ရွက်ခြင်း။ |
| ၈။ အပူပိုင်း မုန်တိုင်း | ၈.၁။ အပူပိုင်းမုန်တိုင်းများကြောင့် ပင်လယ်ပြင်လုပ်ကိုင်နေကြသော အလုပ်သမားများ၏ ဘေးကင်းရေးအပေါ် စိုးရိမ်ရမှု နှင့် အခြားသော ပျက်စီးမှုများကို ဖြစ်ပေါ်စေနိုင်သည်။ | ၈.၁.၁။ PTTEPI ၏ မြန်မာနိုင်ငံဆိုင်ရာ အပူပိုင်းမုန်တိုင်းကာကွယ်ရေးလမ်းစဉ်များ၊ အရေးပေါ်အခြေအနေ နှင့် အကျပ်အတည်း စီမံခန့်ခွဲရေး အစီအစဉ် (***နောက်ဆက်တွဲ-က***) ပါ အကြောင်း အရာများအား သက်ဆိုင်ရာအပိုင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ |
| ၉။ တွင်းပေါက်ကွဲ ခြင်း | ၉.၁။ တွင်းပေါက်ကွဲခြင်းသည် ဆီနှင့်သဘာဝဓာတ်ငွေ့များပင်လယ်ပြင်နှင့်ရင်းပတ်ဝန်းကျင်သို့ မြင့်မားသည့် တွန်းကန်အားကြောင့်ပေါက်ကွဲထွက်ခြင်းကြောင့် ဖြစ်ပေါ်နိုင်ပြီး ပင်လယ်ရေ နုန်း အရည်အသွေး၊ ပင်လယ်သက်ရှိများနှင့်ဂေဟစနစ် နှင့်ကျန်းမာရေး၊ ဘေးကင်းရေး တို့ကိုလည်း ထိခိုက် မှုများကို ဖြစ်ပေါ်စေနိုင်သည်။ | ၉.၁.၁။ PTTEPI ၏ SSHE စီမံခန့်ခွဲမှုစနစ် မှ ဆက်စပ်ပါဝင်သော အရာများကို အကောင်ထည်ဖော်ဆောင်ရွက်ခြင်း။ |
| ၁၀။ မီးလောင်မှု နှင့် ပေါက်ကွဲမှု | ၉.၁။ မီးလောင်မှုနှင့် ပေါက်ကွဲမှုတို့သည် လေအရည်အသွေးညစ်ညမ်းမှု၊ အလုပ်သမားများ၏ ကျန်းမာရေး၊ ဘေးကင်းရေးနှင့် အဆောက်အအီးများပျက်စီးခြင်းစသောထိခိုက်မှုများ ဖြစ်ပေါ်စေနိုင် သည်။ ဓာတုပစ္စည်းများ ထွက်ရှိမှု/ယိုဖိတ်မှုတို့မှ ပင်လယ်ရေး/နုန်းအရည်အသွေး၊ ဂေဟ နှင့် ဇီဝမျိုးစုံမျိုးကွဲများကိုလည်း တစ်ဆင့်ခံထိခိုက်စေနိုင်သည်။ | ၉.၁.၁။ ကမ်းဝေးနေရာအဆောက်အအုံများတွင် မီးသတ်ဆေးဘူးများ နှင့် အချက် အပေးစနစ်များ အပါအဝင် မီးသတ်ကိရိယာများ ထားပေးခြင်း။<br>၉.၁.၂။ မီးသတ်ပစ္စည်းကိရိယာများကို အချိန်မရွေးအသုံးပြုနိုင်စေရန် ပုံမှန် စစ်ဆေး ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်း။<br>၉.၁.၃။ အရေးပေါ်မီးကာကွယ်ရေး နှင့် ပေါက်ကွဲမှုတို့အတွက် အရေးပေါ် နှင့် အကျဉ်း အကျပ် စီမံခန့်ခွဲမှု အစီအစဉ် (***နောက်ဆက်တွဲ-က***) ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။ |

## ၁.၇ စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေး အစီအမံများ

မြန်မာနိုင်ငံ၏ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ပါဝင်သည့် အသေးစိတ်အချက်အလက်များအရ *"လုပ်ငန်းစီမံကိန်းများသည် ဆက်လက်၍ စဉ်ဆက်မပြတ် တက်ကြွစွာ ဘက်စုံထောင့်စုံမှ ကိုယ်တိုင်စောင့်ကြပ်ကြည့်ရှုစစ်ဆေးပြီး လမ်းညွှန်ချက်များ နှင့် စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်ရမည်။ ဤလမ်းညွှန်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လုပ်ငန်းစီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ သတ်မှတ်ချက်များအတိုင်း အထွေထွေလမ်းညွှန်ချက်နှင့် လုပ်ငန်း ကဏ္ဍအ လိုက် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်မှုအပေါ် လုပ်ငန်း စီမံကိန်းများက ကိုယ်တိုင်စောင့်ကြပ်ကြည့်ရှုရန် တာဝန်ရှိသည်။"*

စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းသည် ဥပဒေရေးရာကန့်သတ်မှတ်ချက်များ (ဆိုလိုသည်မှာ မြန်မာနိုင်ငံ၏ အမျိုးသားပတ်ဝန်းကျင်အရည်အသွေးလမ်းညွှန်များ) နှင့် PTTEPI ၏ စီမံကိန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါသည်။ ထို့ပြင် အကောင်အထည်ဖော်သည့် လျှော့ချရေး/ထိန်းချုပ်မှု အစီအမံများ၏ လွှမ်းခြုံဒီဇိုင်း နှင့် ထိရောက်မှု ဖြစ်ပေါ်မှုတို့ဦကိုလည်း ဆောင်ကြဉ်းပေးသွားမည် ဖြစ်ပါသည်။ EQEG နှင့်အညီဖြစ်စေရန် ဇောတိက စီမံကိန်းက စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် ကဏ္ဍများမှာ အောက်ပါတို့ဖြစ်ကြသည် -

- ပင်လယ်ရေ အရည်အသွေး
- အနည်အနှစ် အရည်အသွေး
- တူးဖော်ထုတ်လုပ်ရေးစင်မှ ရေဆိုး
- တူးဖော်ထုတ်လုပ်ရေးစင်မှ ထွက်သော သဲများ
- တွင်းတူးရာမှထွက်လာသော မြေကျစ်စာများ (ဆီကိုအခြေခံသော ရွှံ့ NADF)
- တွင်းတူးရာမှထွက်လာသော မြေကျစ်စာများ (ရေကိုအခြေခံသော ရွှံ့ WBM)လေထုအရည်အသွေး
- ဆူညံသံ
- မိလ္လာရေ

ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် အသေးစိတ်အပြည့်အစုံကို ***အခန်း ၉*** တွင် တင်ပြထားပါသည်။

စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များ အကောင်အထည်ဖော်ရန် အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ ကျော် နှင့် ပင်လယ်ရေအရည်သွေး နှင့် အနည်အနှစ် အရည်အသွေး တို့ ၃ နှစ် တစ်ကြိမ်တိုင်းတာရန်အတွက် အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ ကျော် ကုန်ကျမည်ဟု ခန့်မှန်းထားပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်အသေးစိတ်ကို ဇယား ၁.၄ တွင် ဖော်ပြထားပါသည်။

## ဇယား ၁.၄ ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်စဉ်အဆင့်များအတွက် စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အတိုင်းအတာများ

| ပတ်ဝန်းကျင် ဆိုင်ရာ ကဏ္ဍများ | အတိုင်းအတာများ | နည်းလမ်း | နေရာ | ကြာမြင့်သည့်ကာလ/ စောင့်ကြပ်ကြည့်ရှုခြင်းအကြိမ်ရေ | တာဝန်ယူခြင်း |
|---|---|---|---|---|---|
| **၁. လေထု အရည်အသွေး** | IFC ၏ ကမ်းလွန် ရေနံနှင့် သဘာဝဓာတ်ငွေ့ အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်ချက်အရ လေထုအရည်အသွေးဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။<br>• စွန့်ပစ်ဓာတ်ငွေ့မီးရှို့သည့်ပမာဏ<br>• လောင်စာဆီဓာတ်ငွေ့ပမာဏ<br>• ဒီဆယ်သုံးစွဲမှု<br>• ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှု<br>• စွန့်ပစ်ဓာတ်ငွေ့များ၊ လောင်စာဆီများ နှင့် ဒီဇယ်များ လောင်ကျွမ်းခြင်းကြောင့် ထွက်ရှိလာသော ဓာတ်ငွေ့များ (ဥပမာ - နိုက်ထရိုဂျင်အောက်ဆိုဒ်၊ ဆိုဒီယမ်အောက်ဆိုဒ်၊ အငွေ့ပျံလွယ်သော အော်ဂဲနစ်ကွန်ပေါင်းများ (VOC) နှင့် အမှုန်များ (TSP). | <u>နည်းလမ်း</u><br>• စွန့်ပစ်ဓာတ်ငွေ့များ၊ လောင်စာဆီများ နှင့် ဒီဇယ် ပမာဏတို့ကို တိုင်းတာခြင်းစနစ်အသုံးပြု၍ စုဆောင်းသွားပါမည်။<br>• ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုနှင့် အခြားဓာတ်ငွေ့များထွက်ရှိမှုကို စွန့်ပစ်ဓာတ်ငွေ့များ၊ လောင်စာဆီများ နှင့် ဒီဇယ် ပမာဏတို့ကိုအသုံးပြု၍ တွက်ချက်သွားပါမည်။ | • လုပ်ငန်းဆောင်ရွက်ရာ ရေနံစင်<br>• တွင်းတူးစက် | • လစဉ် | PTTEPI |

| ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများ | အတိုင်းအတာများ | နည်းလမ်း | နေရာ | ကြာမြင့်သည့်ကာလ/ စောင့်ကြပ်ကြည့်ရှုခြင်းအကြိမ်ရေ | တာဝန်ယူခြင်း |
|---|---|---|---|---|---|
| **၂. ဆူညံသံ** | ဆူညံသံဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။<br>• ဆူညံသံ ကွန်တို<br>• ဆူညံသံ ပမာဏ<br>• ဆူညံသံအဆင့် | <u>နည်းလမ်း</u><br>• နမူနာများကို လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု (OSHA)၊ United Stated Department of Labour ၊ Regulation (Standard - 29 CFR)၊ Standard Number 1910.95 နှင့် လုပ်ငန်းခွင်ဆိုင်ရာ ဆူညံသံ သတ်မှတ်ချက်တို့အရ စိစစ်သွားမည်ဖြစ်ပါသည်။ | • လုပ်ငန်းဆောင်ရွက်ရာ ထုတ်လုပ်ရေးစင်နှင့် ကိုယ်စားပြု WP တစ်ခု | • ဆူညံသံ ကွန်တို စစ်တမ်းကို လုပ်ငန်းဆောင်ရွက်ချိန်မှစ၍ ၂ နှစ်အတွင်း ဆောင်ရွက်ခြင်း။ စစ်တမ်းကို ၅နှစ်တိုင်း ပြန်လည်ဆောင်ရွက်ခြင်း (သို့) လုပ်ငန်းလည်ပတ်မှုဆိုင်ရာ သိသိသာသာပြောင်းလဲခြင်းနှင့် ဆူညံသံအဆင့်သိသိသာသာ ပြောင်းလဲသော နေရာအတွက်သာ စစ်တမ်းပြန်လည်ကောက်ယူခြင်း။<br>• ဆူညံသံပမာဏ ကို နားကြားခြင်းဆိုင်ရာ ပုံမှန်မဟုတ်သည်ဟု နှစ်စဉ် ကျန်းမာရေးစစ်ဆေးချက်အရ သတ်မှတ်ထားသူများအတွက် ဆောင်ရွက်ခြင်း။<br>• ဆူညံသံအဆင့် ကို တိုင်ကြားချက်များပေါ်ပေါက်သည့် အခါတိုင်း ဆောင်ရွက်ခြင်း။ | PTTEPI မှတစ်ဆင့် တရားဝင်ခွင့်ပြုထားသော ကန်ထရိုက်တာ |

| ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍများ | အတိုင်းအတာများ | နည်းလမ်း | နေရာ | ကြာမြင့်သည့်ကာလ/ စောင့်ကြပ်ကြည့်ရှုခြင်းအကြိမ်ရေ | တာဝန်ယူခြင်း |
|---|---|---|---|---|---|
